မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၉)

ခေတ်မီမျိုးချစ်တပ်မတော်

နိုင်ငံတော်ကာကွယ်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တယ်။ အထူးသဖြင့်တော့ တပ်မတော်မှာ အဓိကတာဝန်ရှိတယ်။ ဒါကြောင့် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် စဉ်ဆက်မပြတ် တည်ဆောက်သွားရေးနဲ့ ပြည်သူနဲ့ တပ်မတော်ဟာလဲ ရေကိုသားလို့ အကြားမထင်သလို တစ်သားတည်း ရှိရေးတို့ဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ချက်ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။ (သတင်းစဉ်)

ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားကမွေးဖွားလာတဲ့ ပြည်သူတွေရဲ့ ရင်နှစ်သည်းချာတွေဖြစ်ရောက်ရာဒေသ၊ ကျရာတာဝန်မှာတွေ့ရတဲ့ ပြည်သူလူထုကို မိဘအရင်းလို သဘောထား ပြည်သူလူထုကိုစောင့်ရှောက်ကြ၊ ကာကွယ်ကြ၊ အကျိုးစီးပွားကို ဖော်ဆောင်ပေးကြ

တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၀၇ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့) စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့.–

ဒီနေ့ဟာ ဒို့ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးရဲ့ ဇာတိသွေး ဇာတိမာန်ကို သမိုင်းမော်ကွန်းရေးထိုးခဲ့တဲ့ (၆၂)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။

ဒါ့အပြင် တပ်မတော်ဟာ သူတစ်ပါးသြဇာခံဘဝကနေ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အမျိုးသားတပ်မတော်ဘဝကို ကူးပြောင်းခဲ့ကြောင်း ကမ္ပည်းတင်ခဲ့တဲ့နေ့လဲဖြစ်တယ်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ် ၂၈ ရက်)

ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေး တပ်မတော်နှင့်ပြည်သူ လက်တွဲကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပြီး အရယူပေးခဲ့သော တပ်မတော်သည် ယနေ့ကာလတွင်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ် လုံခြုံရေးတို့အတွက် ကာကွယ်စောင့်ရှောက်လျက် ရှိသည်။

တပ်မတော်သည် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာမှု ဖြစ်ထွန်းရေးအတွက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ရရှိစေရန် ဦးစွာဆောင်ရွက်ခဲ့သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာမှုနှင့်အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ကို ကွန်ရက်သဖွယ် ချိတ်ဆက်စေနိုင်ရေး ချမှတ်ဖော်ဆောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် ပြည်သူတစ်ရပ်လုံးနှင့် တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်းတစ်ဝမ်းတည်းလက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

တပ်မတော်သည် ပြည်သူများ စားဝတ်နေမှု ဖူလုံစေရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍစသည့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက် ရှိသည်။

နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်နှင့် မည်သည့်စီးပွားရေးစနစ်များ ကျင့်သုံးသည်ဖြစ်စေ အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်အေးချမ်းသာယာဝပြောရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့ပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အပေါ် ကျရောက်လာမည့် အန္တရာယ်မှန်သမျှကို ပြည်သူများနှင့်အတူ လက်တွဲပြီး ချေမှုန်းနိုင်ရေး အတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက် ရှိသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကောင်းခဲ့သည့် တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးကို ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၈–၃–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း–၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း–၃၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၃–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ လောကခံဖြေဆေးတရားတော် [ဒေါက်တာအရှင်ကောဝိဒ (မန္တလေး ဂုဏ်ရည်ဆရာတော်)] (အပိုင်း–၂)
- ၈:၀၀ ဗုဒ္ဓဝင်ရုပ်စုံတော မယ်လမုစေတီတော်မှာ
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ နိုင်ငံတကာအနုပညာရေးရာ
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ အမျိုးသားကန်တော်ကြီးဥယျာဉ် (သဘာဝငှက်ဥယျာဉ်)
- ၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ Midweek Sports News
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ အမြင်အာရုံချို့တဲ့သူများ၏ နှလုံးသားတေးဂီတ
- ၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၃၀ တစ်ကျော့ပြန်တီဘီ (အပိုင်း–၃) (ဒေါက်တာဖေစိုး)
- ၁၀:၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၅၀ တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ Yangon Panorama ပန်းအလှထိုးနည်းပြိုင်ပွဲ
- ၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၅ ဇီဝလောင်စာဆီအတွက် အားထားရမည့် ကြက်ဆူကြိတ်စက်များ
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ **မေ့ထားလို့တော့မဖြစ်ဘူး နေအောင်၊ ထွန်းထွန်းဝင်း၊ စောနိုင် (ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်၊ ဇွန်ပွင့် (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
- ၁၂:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၃၅ သူတို့ပြောတဲ့ သူတို့အကြောင်း (စာရေးဆရာ ပြည့်ပိုင်မှူးအိမ်နှင့် တွေ့ဆုံခြင်း)
- ၁၂:၄၅ တေးဂီတအစီအစဉ်
- ၁၂:၅၀ နွေစပါးစိုက်ပျိုးမှုနည်းပညာ
- ၀၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်သမ္မတ ဟူကျင်တောင် ရုရှားသို့ ရောက်ရှိ

ပေကျင်း မတ် ၂၇

တရုတ်–ရုရှား ကုန်သွယ်ရေးပမာဏမှာ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ မှ ၈၀အထိ ရောက်ရှိလိမ့်မည်ဟု ရုရှားနိုင်ငံသို့ ခရီးမထွက်ခွာမီတွင် တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားလိုက်သည်။

ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နှစ်နိုင်ငံမဟာဗျူဟာ ဖက်စပ်လုပ်ငန်း၏ နက်ရှိုင်းမှုအရ ၂၀၁၀ပြည့်နှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏကို ရည်မှန်းချက်ပြည့်မီအောင် ရောက်ရှိမည်ဟု ယုံကြည်ကြောင်း သမ္မတ ဟူကျင်တောင်က ပြောကြားသည်။

မီးမောင်းထိုးပြ

နှစ်နိုင်ငံ ကုန်သွယ်ရေးမှာ ရှစ်နှစ်ဆက်တိုက် တိုးတက်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဒေါ်လာ ၃၃ ဒသမ ၄ ဘီလီယံ အထိရောက်ရှိကြောင်း ပြောကြားကာ သမ္မတဟူကျင်တောင်က တရုတ်–ရုရှား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို မီးမောင်းထိုးပြလိုက်သည်။

ပူးပေါင်း

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် စွမ်းအင်ဖွံ့ဖြိုးရေး အာကာသပျံသန်းမှုနှင့် လေကြောင်းကဏ္ဍ နျူကလီးယားစွမ်းအင် အဆင့်မြင့် စက်မှုလုပ်ငန်းကဲ့သို့သော နယ်ပယ်များတွင် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ကြကြောင်း ၎င်းက ပြောကြားသည်။ သမ္မတဟူကျင်တောင်သည် မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ရုရှားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီဂျစ် မိန်းကလေးတစ်ဦး ကြက်ငှက်တုပ်ကွေး ကူးစက်ခံရ

ကိုင်ရို မတ် ၂၇

အီဂျစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူတစ်ဦးကို မတ် ၂၅ရက်က အတည်ပြုနိုင်ခဲ့ရာ ယင်းမှာ ၂၇ဦးမြောက် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားသူ ဖြစ်လာကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြောကြား

သုံးနှစ်အရွယ် မိန်းကလေး တစ်ဦးသည် အီဂျစ်၌ H_5N_1ရောဂါပိုး တွေ့ရှိကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်အက်ဒယ်ရာမန်ရှာဟင်က ပြောကြားသည်။

ကူးစက်ခံရ

အဆိုပါမိန်းကလေးသည် အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုမြို့တောင်ဘက် ကီလိုမီတာ ၇၀၀အကွာရှိ အက်ရှ်ဝမ် ဒေသမှဖြစ်ကြောင်း၊ သူမသည် ရောဂါကူးစက်ခံနေရသော ကြက်သေတစ်ကောင်ကို တိုက်ရိုက်ကိုင်တွယ်မိရာမှ ရောဂါကူးစက်ခံရခြင်း ဖြစ်ကြောင်း ရှာဟင်က ပြောကြားသည်။

အပြင်းဖျား

ယင်းမိန်းကလေး၏ အမည်မှာ ဟာဂါမိုဟာမက်အဝါဒယ်လာဖြစ်ပြီး ၎င်းသည် အပြင်းဖျား၍ ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားနေသည်ကို တွေ့ရသဖြင့် မတ် ၂၂ရက် ညနေက ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း၊ သို့သော်လည်း သူမသည် တမီးလ်ဖလူးဆေးသောက်ပြီးနောက် ပုံမှန်အခြေအနေ ပြန်ရောက်လာကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းတိုက်ခတ်

ဒါကာ မတ် ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်း ကျွန်းစု၌ နွေရာသီ၏ ပထမဆုံးမုန်တိုင်း တိုက်ခတ်ရာ လူ ၁၀ ဦးသေဆုံးပြီး လူ ၁၀၀ ဒဏ်ရာရရှိကြောင်း မတ်၂၃ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် မတ် ၂၂ ရက်က ဘိုလာပြည်နယ် လာမိုဟန် ကျေးရွာနှင့် ဘိုဟူဒင်ကျေးရွာတို့၌ တစ်နာရီလျှင် ၈၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ရာ အိမ်ခြေ ၃၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဒဏ်ရာရရှိသူပေါင်း ၁၀၀ခန့်ကို မြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ဆရာဝန်တို့က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ နှစ်စဉ်မတ်လနှင့် ဇွန်လအကြားတွင် အဆိုပါနွေမုန်တိုင်း တိုက်ခတ်လေ့ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘရာဇီး၌ မူးယစ်ဆေးဝါးတိုက်ဖျက် လူ ၆၀၀ကျော်အား ရဲတပ်ဖွဲ့က ဖမ်းဆီး

ရီရိုဒီဂျနေးရိုး မတ် ၂၇

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ဆင်ရေးပြုလုပ်ခဲ့ရာ ဘရာဇီးရဲတပ်ဖွဲ့က လူ ၆၀၆ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း မတ် ၂၃ရက်တွင် ၎င်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

ထိုသို့ မူးယစ်ဆေးဝါးတိုက်ဖျက် နှိမ်နင်းမှုတစ်ရပ် ပြုလုပ်စဉ်အတွင်း မော်တော်ယာဉ် ၅၆၈စီး၊ လက်နက် ၇၁လက်၊ ကိုကင်း၊ ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများအပါအဝင် မူးယစ်ဆေးဝါး ၂၂၃ဒသမ၇ကီလိုကို သိမ်းဆည်းနိုင်ခဲ့ကြောင်း ၎င်းရဲတပ်ဖွဲ့မှ ထုတ်ပြန်ပြောကြားချက်တွင် ဖော်ပြသည်။

ယင်းမူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ဆင်မှုပြုလုပ်ရာတွင် ရဲတပ်ဖွဲ့ ၃၀၀၀ ပါဝင်ခဲ့ပြီး သံသယရှိသူ သုံးဦး ရဲတပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခဲ့၍ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ပြောကြား

ထိုစစ်ဆင်ရေးသည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၊ ပြန်ပေးဆွဲမှုနှင့် ခိုးမှုများ ကျဆင်းစေရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆော်ပေါလို ရဲတပ်ဖွဲ့အကြီးအကဲရဲချုပ် မာရီယိုဂျောဒန်နိုတိုးဒိုလေမီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

● **ကျောဖုံးမှ**

(၆၂)နှစ် မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်တို့နှင့်အတူ ၂၀၀၇ခုနှစ်(၆၂)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

တက်ရောက်

အဆိုပါ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ (၆၂)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားစစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

၂၈–၃–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

အပူချိန်

၂၇–၃–၂၀၀၇

နေပြည်တော်	–	၄၁ ဒီဂရီစင်တီဂရိတ်
ဗန်းမော်၊ကျိုင်းတုံ	–	၃၆ ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	–	၃၆ ဒီဂရီစင်တီဂရိတ်
ညောင်ဦး၊ကျောက်တော်	–	၃၉ ဒီဂရီစင်တီဂရိတ်
မင်းဘူး	–	၄၂ ဒီဂရီစင်တီဂရိတ်

၂၀၀၇ခုနှစ်(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား ထောင်ပေါင်းများစွာသော ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၂၇

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျ စစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ချီတက်ကြရာ ထောင်ပေါင်းများစွာသော ပြည်သူများက လမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ဂုဏ်ပြုကြိုဆို

ထိုသို့ဂုဏ်ပြုကြိုဆိုကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ကာကွယ်ရေး ဦးစီးချုပ် (လေ) တို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၏ဇနီး၊ တပ်မတော်စစ်ဘက် ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၏ ဇနီး၊ တပ်မတော် အရာရှိကြီးများ၏ ဇနီးများကလည်း ပြည်သူများနှင့်အတူ စစ်ရေးပြစစ်ကြောင်းကြီးများတွင် ပါဝင်စစ်ရေးပြကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင် များအားပန်းကုံးများစွပ်၍လည်းကောင်း၊ အောင်သပြေပန်းများကမ်းလှမ်း၍လည်းကောင်း သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

သောင်းသောင်းဖြဖြ

ထို့အပြင် ထောင်ပေါင်းများစွာသော ပြည်သူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးတို့မှ အရာထမ်း အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှတပ်ဖွဲ့ဝင် မိသားစုများ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာ ကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၂၀၀၇ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာ ကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ချီတက်လာကြသော စစ်ကြောင်းကြီးများမှ တပ်မတော်သားများအား တပ်မတော်သားများနှင့်မိသားစုများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများက ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေးစဉ်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ သူနာပြုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နေရာယူ

ရှေးဦးစွာ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ကျင်းပမည့် စစ်ရေးပြ အခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက်ချီတက်ရန် နံနက် ၅နာရီတွင် စုရပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိ နေရာယူကြသည်။

ယင်းသို့ ရောက်ရှိနေရာယူကြပြီးနောက် နံနက် ၅နာရီခွဲတွင် စစ်ရေးပြအခမ်းအနားကျင်းပရာ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြမည့် စစ်ကြောင်းကြီးခုနစ်ကြောင်း၏ စစ်ရေးပြမှူးကြီးဗိုလ်မှူးချုပ်မြင့်နောင်ထံ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမြင့်လွင်က တပ်ကိုအပ်သည်။

စစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ မထွက်ခွာမီ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ အရာခံဗိုလ်အောင်မိုးလင်း ခေါင်းဆောင်သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းတွင် သတ်မှတ်ထားသည့်နေရာ၌ နေရာယူကြသည်။

ကျန်စစ်သားစစ်ကြောင်း

ယင်းနောက် စစ်ရေးပြမှူးကြီးဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမြင့်လွင်၊ ထို့နောက် အလံတော်အဖွဲ့မှူး ဗိုလ်မှူးကျော်စိုးနိုင် ခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော အနော်ရထာစစ်ကြောင်း အလံတော်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးဝင်းမိုး ခေါင်းဆောင်သည့် အနော်ရထာစစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးအောင်ကြီး ဦးဆောင်ပြီး တပ်ခွဲမှူးဗိုလ်မှူးဇော်မင်းဦး ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာစစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်အောင်၊ တပ်ခွဲမှူး ဗိုလ်မှူးခင်မောင်ဆွေ ခေါင်းဆောင်သည့် လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်အောင် ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးမျိုးမင်းဦး ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)၊ တပ်ခွဲမှူးဗိုလ်မှူးအောင်သန်းထွေး ခေါင်းဆောင်သည့် အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူးဗိုလ်မှူးဆန်းအောင် ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)နှင့် တပ်ခွဲမှူး ဗိုလ်မှူးဇော်မင်းစိုး ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများက အနော်ရထာစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

အလားတူ အလံအဖွဲ့မှူး ဗိုလ်မှူးအောင်သိုက်ထွန်း ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော ကျန်စစ်သားစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး တင်လှဝင်း ခေါင်းဆောင်သည့် ကျန်စစ်သားစစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်ပြီး တပ်ခွဲမှူးဗိုလ်မှူးဇော်ထွန်းဦး ခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးနိုင်ထွန်း ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဘဦး ခေါင်းဆောင်သည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ဇော်မိုးလွင် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရဲထွန်းဝင်း ခေါင်းဆောင်သည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးအောင်မျိုးဦး ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ကျန်စစ်သားစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

ဘုရင့်နောင်စစ်ကြောင်း

ထို့အတူ အလံအဖွဲ့မှူး ဗိုလ်မှူးကျော်သီဟ ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော ဘုရင့်နောင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုတိယတပ်ကြပ်မြမောင် ခေါင်းဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးဇော်ဦး(ရေ) ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးကျော်မြင့်အောင်(ရေ) ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုဘုရင့်နောင်စစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အောင်(ရေ)၊ တပ်ခွဲမှူးဗိုလ်မှူးသက်ဦး ခေါင်းဆောင်သည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနိုင်နိုင်ဦး ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသက်လွင် ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတပ်ခွဲမှူး ဗိုလ်မှူးကျော်ဇေယျခေါင်းဆောင်သည့် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူးကျော်ဇေယျ ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၃)တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

အောင်ဇေယျစစ်ကြောင်း

အလားတူ အလံအဖွဲ့မှူး ဗိုလ်မှူးသန့်ဇင်ထူး ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများ ပါဝင်သော အောင်ဇေယျစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးကျော်ဇေယျဝင်း ခေါင်းဆောင်သည့် အောင်ဇေယျစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစံဝင်း ဦးဆောင်ပြီး တပ်ခွဲမှူးဗိုလ်မှူးဟန်ဝင်းအောင် ခေါင်းဆောင်သည့် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု အောင်ဇေယျစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဇေယျစစ်ကြောင်း တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးဇော်ဝင်းအောင်၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်ဇော် ခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမင်းညွန့်ဦး ခေါင်းဆောင်သည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရဲနိုင် ခေါင်းဆောင်သည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနေမျိုးဝင်း ခေါင်းဆောင်သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးအောင်အောင်လွင် ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက အောင်ဇေယျစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

ဆင်ဖြူရှင်စစ်ကြောင်း

ထို့နောက် အလံအဖွဲ့မှူး ဗိုလ်မှူးမင်းသိန်း ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော ဆင်ဖြူရှင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင် တပ်ကြပ်ဝင်းမြင့် ခေါင်းဆောင်သည့် ဆင်ဖြူရှင် စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလွင် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးခင်မောင်ဝေ ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင်စစ်ကြောင်း တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးသက်ဝေ၊ တပ်ခွဲမှူးဗိုလ်မှူးသန်းမင်းအောင်ခေါင်းဆောင်

စစ်သံမှူးများအား နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော စစ်သံမှူးများအား နှုတ်ဆက်စဉ်။

(သတင်းစဉ်)

သည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်ဆန်းဦး ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစောအောင် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်အောင်ဆွေခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးနိုင်ဦးလှိုင် ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၃)တို့မှ တပ်မတော်သားများက ဆင်ဖြူရှင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဗန္ဓုလစစ်ကြောင်း

ထို့အတူအလံအဖွဲ့မှူး ဗိုလ်မှူးကျော်ကျော်ဖြူ ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော ဗန္ဓုလစစ်ကြောင်းအလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင် တပ်ကြပ်ကြီး အောင်ဇော်လတ်ခေါင်းဆောင်သည့် ဗန္ဓုလစစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးကျော်ကျော်ဟန် ခေါင်းဆောင်သည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု ဗန္ဓုလစစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသူရိန်ကျော်၊ တပ်ခွဲမှူး ဗိုလ်မှူးနေလင်း ခေါင်းဆောင်သည့် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်ထွန်း ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးထွန်းအောင်ကျော် ခေါင်းဆောင်သည့် အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇေယျာပိုင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)နှင့် တပ်ခွဲမှူး ဗိုလ်မှူးမြတ်သူစိုး ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

မြဝတီစစ်ကြောင်း

အလားတူ အလံအဖွဲ့မှူးဗိုလ်မှူးဝင်းမြင့်အောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု အလံများပါဝင်သော မြဝတီစစ်ကြောင်းအလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးဇော်ဦး ခေါင်းဆောင်သည့် မြဝတီ စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်ပြီး တပ်ခွဲမှူးရဲမှူးဝင်းသိန်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ မြဝတီစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွန့်၊ တပ်ခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ကိုကိုကြီး ခေါင်းဆောင်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး လွင်မောင်မောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ တပ်ခွဲမှူး ဗိုလ်မှူးမျိုးသန့် ခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊တပ်ခွဲမှူးဗိုလ်မှူးရန်နောင် ခေါင်းဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ စစ်သံမှူးများ နေပြည်တော်စစ်ရေးပြကွင်းကြီး၌ကျင်းပသော ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသက်လွင်ထွန်း ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)နှင့် တပ်ခွဲမှူးဗိုလ်မှူးအောင်မျိုးဦး ခေါင်းဆောင်သည့် အမှတ် (၉၉)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြဝတီစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ချီတက်

ထိုကဲ့သို့ စစ်ကြောင်းကြီးခုနစ်ကြောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀၃၅ ဦးတို့သည် စုရပ်စစ်ရေးပြကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲတစ်ခွဲနှင့်တစ်ခွဲ ပေ ၅၀ စီနှင့် စစ်ကြောင်းတစ်ကြောင်းနှင့်တစ်ကြောင်း ပေ ၁၀၀ စီခြားကာ စစ်ရေးပြကွင်းကြီးဆီသို့ ဇာတိသွေး၊ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုကြကာ ချီတက်ကြသည်။

ကြိုဆိုနှုတ်ဆက်

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးနှင့် ညွှန်ကြားရေးမှူးရုံးများမှ တပ်မတော်သားများနှင့် မိသားစုများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စစ်ကြောင်းကြီးများတွင် ပါဝင်သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ နေပြည်တော်တပ်နယ်မှမိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်ထောင်စုအလံငယ်နှင့် တော်လှန်ရေး အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

နေရာယူ

ယင်းသို့ စစ်ကြောင်းကြီးများအလိုက် ဇာတိသွေး၊ ဇာတိမာန်တက်ကြွဖွယ် စစ်ချီတေးသီချင်းများကို သံပြိုင်ဟစ်ကြွေးသီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးအတွင်းသို့ မုခ်ဦးဝင်ဂိတ်မှ ဝင်ရောက်နေရာယူကြကာ နံနက် ၆ နာရီ မိနစ်၅၀တွင် အသင့်နေရာယူပြီးဖြစ်သည်။

တပ်ကိုအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း လိုက်ပါလျက် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ နံနက် ၇နာရီ ၂၅မိနစ်တွင် ရောက်ရှိလာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ခရီးဦးကြိုဆိုပြီး အခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးအတွင်းရှိ စင်မြင့်သို့ ကြိုဆိုခေါ်ဆောင်လာသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်မြင့်ပေါ်၌ နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်ကိုအပ်သည်။

တပ်စစ်ဆေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေးသည်။

နိုင်ငံတော်အလံအလေးပြု

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စစ်သံမှူးများ တက်ရောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ နေပြည်တော်စစ်ရေးပြကွင်းကြီး၌ကျင်းပသော ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

သစ္စာလေးချက်ရွတ်ဆို

ယင်းနောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအားအလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ)တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

မိန့်ခွန်းမြွက်ကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ချီတက်အလေးပြု

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်က စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ စစ်ရေးပြကွင်းကြီးမုခ်ဦးဂိတ်မှ စုရပ်စစ်ရေးပြကွင်းသို့ စနစ်တကျ ပြန်လည်ချီတက်ထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားကာ (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို နံနက် ၈နာရီ မိနစ်၂၀ တွင် ရုပ်သိမ်းလိုက်သည်။

ခမ်းနားထည်ဝါ

(၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရာ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ တော်လှန်ရေးကြယ်နှင့် တပ်မတော်(ကြည်း၊ရေ၊လေ)တံဆိပ်ပါ အောက်ခြေအကျယ် ၃၃၃ပေ၊ ၃လက်မ၊ အမြင့် ၈၄ပေရှိ အဝင်မုခ်ဦးကြီးကိုလည်းကောင်း၊ စစ်ရေးပြကွင်းကြီးအတွင်း အရှေ့ဘက်ကုန်းမြင့်ပေါ်၌ ပေ ၃၀စီမြင့်သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရား ဦးအောင်ဇေယျဟူသော မင်းသုံးပါးရုပ်တုကြီးများကိုလည်းကောင်း၊ အနောက်ဘက်၌ အောက်ခြေအရှည် ၃၁၄ပေ၊ အမြင့်ပေ၄၀ရှိ တပ်မတော်(ကြည်း၊ရေ၊လေ)တံဆိပ်ကြီးနှင့် (၆၂)နှစ်မြောက် တပ်မတော်နေ့စာတန်းကြီးကိုလည်းကောင်း၊ စစ်ရေးပြကွင်းကြီး စစ်ကြောင်းကြီးများ မျက်နှာမူရာ၌ ရောင်စုံပန်းများပွင့်လန်းနေသည့် ပန်းခြံကျယ်ကြီးနှင့် ရောင်စုံမီးများ သွယ်တန်းထွန်းထားသော သစ်ပင်များကိုလည်းကောင်း၊ လက်ယာဘက်၌ ဓာတ်ငွေ့ မီးညှိထွန်းထားသော အမြင့်ပေ၇၀ရှိ မီးရှူးတိုင်ကြီးကိုလည်းကောင်း၊ လက်ဝဲဘက်၌ ပန်းဆိုင်ပန်းဖွားပမာ ရေပန်းပဒေသာနှင့် လျှပ်တစ်ပြက်ရောင်စုံမီးများကိုလည်းကောင်း ခမ်းနားထည်ဝါလှပစွာ စီစဉ်ခင်းကျင်းထားရှိသည်။

စီစဉ်ထားရှိ

ထို့အတူ အလျား ၂၅၆၇ပေ၊ အနံ ၁၉၉၈ပေ၊ ဧရိယာဧက ၁၁၇ဒသမ၇ ဧကရှိ စစ်ရေးပြကွင်းကြီးတစ်ခုလုံး၌ အလျား ၁၄၂၂ပေ၊ အနံ ၁၀၉၀ပေခွဲရှိ တန်းစီကွင်းနှင့်အတူ ဝင်လမ်း၊ ထွက်လမ်းများ၊ ပန်းမျိုးစုံ စိုက်ခင်းများ၊ ဧည့်သည်တော်များနေရာနှင့် အလေးပြုခံစင်မြင့်တို့ကို စနစ်တကျ စီစဉ်ထားရှိသည်။

တလူလူလွင့်

ထို့အပြင် စစ်ရေးပြကွင်းကြီး တန်းစီဧရိယာ ဘေးပတ်လည်၌လည်းကောင်း၊ ကွင်းအတွင်းလမ်းဘေး ဝဲ၊ ယာတို့၌လည်းကောင်း ရောင်စုံပန်းပင်များ၊ အလှစိုက် မြက်ခင်းပြင်များကို စနစ်တကျလှပသေသပ်စွာ စိုက်ပျိုးထားရှိသည့်အပြင် ကိုးလုံးတွဲ မာကျူရီမီးတိုင်ကြီးများကို တန်းစီကွင်းအတွင်း၌လည်းကောင်း၊ ငါးလုံးတွဲနှင့် သုံးလုံးတွဲမီးတိုင်များကို တန်းစီကွင်းပတ်လည်၌လည်းကောင်း အသီးသီး စိုက်ထူထွန်းလင်းထားရှိပြီး တန်းစီကွင်းပတ်လည်နှင့်အဝင်လမ်းမကြီး ဝဲ၊ယာတို့၌ တော်လှန်ရေးအလံ၊ တပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အလံများ၊ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်အလံများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ၏ အလံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့၏အလံများကို အသီးသီးစိုက်ထူထားရာ လေနှင့်အတူ တလူလူလွင့်လျက်ရှိကြသည်။

လှပဝေဆာ

ထို့အတူစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်ရှိ လမ်း၏ ဝဲ၊ယာတို့၌စိုက်ထူထားသော တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ၊ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်အလံများ၊ ညွှန်ကြားရေးမှူးရုံးများ၏အလံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့တို့၏အလံများသည်လည်း လေနှင့်အတူ တလူလူလွင့်နေကြသည့်အပြင် လမ်းဘေးသစ်ပင်များသည်လည်း ရောင်စုံမီးသီးများဖြင့် လှပဝေဆာလျက်ရှိသည်။

စိုက်ထူထား

အလားတူ အလျား ပေ၃၀၊ အနံ ၁၂ပေရှိ (၆၂)နှစ်မြောက်တပ်မတော်နေ့ ၂၀၀၇ခုနှစ် မတ်လ၂၇ရက် စာသားပါ မြေစိုက်လေးထောင့် ဆိုင်းဘုတ်ရှစ်ခု၊ အလျားပေ၆၀၊ အနံ ၆ပေရှိ **တပ်နှင့်ပြည်သူမြဲကြည်ဖြူ သွေးခွဲလာသူဒို့ရန်သူ၊ တပ်နှင့် ပြည်သူလက်တွဲကူ ဘယ်သူရန်မူဝံ့မည်နည်း၊ တပ်နှင့်ပြည်သူလက်တွဲကူ ပြည်ထောင်စုဖြိုခွဲသူမှန်သမျှ ချေမှုန်းကြ၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို လှိုက်လှဲစွာကြိုဆိုပါ၏၊ (၆၂)နှစ်မြောက် တပ်မတော်နေ့(ကြည်း၊ ရေ၊ လေ) တပ်မတော်သားများအား ကြိုဆိုပါ၏၊ တပ်မတော်သည်အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်၊ အသက်သွေးချွေးစဉ်မနှေး ပေးဆပ်သည်မှာ တပ်မတော်ပါ၊ တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ၊ တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ၊ ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်** စာတန်းပါ မြေစိုက်ဆိုင်းဘုတ် အရှည်၁၁ခု၊ အလျား ပေ၄၀၊ အနံ ပေ၂၀ ရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံသရုပ်ဖော် ပန်းချီပိုစတာကြီးလေးခု၊ အလျား၁၆ပေ၊ အနံ ၈ပေရှိ Light Box နှစ်ခုတို့ကို စိုက်ထူထားသည်။

ချိတ်ဆွဲထား

ထို့အတူ ဒို့တာဝန်အရေးသုံးပါး၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်၊ လူထုအားကို အများကြီးလိုသည်၊ တပ်မတော်ကြီးကို အင်အားရှိအောင် အရာရာမှာကူညီ၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်သာအမိ၊ တပ်မတော်သာအဖ၊ ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်၊ သစ္စာလေးလီ ဦးထိပ်တည် စွမ်းရည်သုံးရပ်ကျေပွန်အပ် စာသားများပါသည့် အလျား ၄၅ပေ၊ အနံ ၄ ပေခွဲရှိ နှစ်ဖက်လှ အဝတ်ပိတ်စ စာတန်း၂၂ခုတို့ကိုလည်း စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက်၌ ချိတ်ဆွဲထားသည်။

(သတင်းစဉ်)

သောင်းသောင်းဖြဖြကြိုဆို

(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ချီတက်လာကြသော စစ်ကြောင်းကြီးများမှ တပ်မတော်သားများအား တပ်မတော်သားများနှင့် မိသားစုများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဓာတ်သွေး၊ ဓာတ်မာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုကာ ချီတက်လာကြစဉ်။

(သတင်းစဉ်)

28-3 (07) 1 3/28/07, 3:38 PM

တပ်မတော်ဟာအတိတ်နဲ့ ပစ္စုပ္ပန်မှာ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်သလို အ
ပြည်ထောင်စုကိုဖြို့ခွဲသူ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးသူ၊ အချုပ်အခြာအာဏာတ
နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်တဲ့ ပြည်တွင်းပြည်

✱ ရှေ့ဖုံးမှ

လွတ်လပ်ရေးပြန်လည်ရရှိဖို့ ကြိုးပမ်းကြရာမှာ ပြည်သူနဲ့ တပ်မတော်ဟာ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်တွဲရုန်းကန်ခဲ့ကြတယ်။ လွတ်လပ်ရေးအတွက် ပြည်သူလူထုရော တပ်မတော်သားတွေပါ အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရတာဖြစ်တယ်။ ဒါ့ကြောင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း မထင်မရှားနဲ့ အသက်ကို စွန့်လှူသွားကြရတဲ့ ရဟန်းရှင်လူ ပြည်သူအပေါင်းရဲ့ ဂုဏ်ကျေးဇူးဟာလဲ ကြီးမားကြောင်း ပြောကြားလိုတယ်။

ယခုလို နိုင်ငံတော်၊ နိုင်ငံသားတို့နဲ့ တပ်မတော်အတွက် ဂုဏ်ယူထိုက်တဲ့ နေ့ထူးနေ့မြတ်မှာ မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့–

နိုင်ငံတော်ကာကွယ်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တယ်။ အထူးသဖြင့်တော့ တပ်မတော်မှာ အဓိကတာဝန်ရှိတယ်။ ဒါကြောင့် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော် အဖြစ်စဉ်ဆက်မပြတ် တည်ဆောက်သွားရေးနဲ့ ပြည်သူနဲ့တပ်မတော်ဟာလဲ ရေကိုသားလို့ အကြားမထင်သလို တစ်သားတည်းရှိရေးတို့ဟာ နိုင်ငံတော် ကာကွယ်ရေးအတွက် လိုအပ်ချက်ဖြစ်တယ်။

ရဲဘော်တို့–

နယ်ချဲ့တွေဟာ ဒို့နိုင်ငံကို ကြာရှည်စွာ ကျွန်ပြုနိုင်ဖို့အတွက် ဒို့တိုင်းရင်းသားတွေအကြားမှာ ပရိယာယ်အမျိုးမျိုးနဲ့ သွေးခွဲခဲ့ကြတယ်။ နောက်ဆုံးလွတ်လပ်ရေး ပေးရခါနီးမှာတောင် လက်နက်တွေထုတ်ပေးပြီး နိုင်ငံ့ခေါင်းဆောင်ကြီးတွေကို လုပ်ကြံစေခဲ့တဲ့အထိပင်လျှင် အကြမ်းဖက် လုပ်ဆောင်ခဲ့ကြတယ်။

ဒါကြောင့်လဲ ဒို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးတဲ့နောက် ဝါးအစည်းပြေသလို အချင်းချင်း လက်နက်ကိုင်ဆန့်ကျင်မှုတွေ အကြီးအကျယ်ဖြစ်ပေါ်ခဲ့ရတယ်။ ပြည်တွင်း ပဋိပက္ခတွေကြောင့် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ပြည်သူတွေဟာ အထိတ်တလန့် နေထိုင်ခဲ့ကြရတယ်။ တိုင်းပြည်အေးချမ်းသာယာမှုမရှိလို့ နိုင်ငံရဲ့စီးပွားရေးစွမ်းအားကို တည်ဆောက်နိုင်စွမ်းမရှိဘဲ ပြည်သူတွေဟာလဲ ဆင်းရဲတွင်းနက်ခဲ့ကြရတယ်။ အဲဒီ အခြေအနေဆိုးကနေ အစိုးရအဆက်ဆက်ဟာ တပ်မတော်နဲ့လက်တွဲပြီး နိုင်ငံတော်ကိုပြန်လည် ထူထောင်ရေးလုပ်ခဲ့ကြရတာဖြစ်တယ်။

ရဲဘော်တို့–

သမိုင်းပေးသင်ခန်းစာအရ ဒို့နိုင်ငံအပေါ် လွှမ်းမိုးခြယ်လှယ်လိုတဲ့ အင်အားကြီးနိုင်ငံမှန်သမျှဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်နဲ့ တပ်မတော်အင်အား ချည့်နဲ့အောင်ဆိုတဲ့ အချက်နှစ်ချက်ကိုသာ အခြေခံပြီး ပုံစံအမျိုးမျိုးနဲ့ လုပ်ဆောင်လာကြဦးမှာပဲဆိုတာ မလွဲဧကန်ဖြစ်တယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲတယ်ဆိုရာမှာ ပြည်သူလူထုအတွင်း တိုင်းရင်းသားလူမျိုးစုအချင်းချင်းသာမက လူမျိုးစုတစ်စုတည်းအတွင်းမှာပင်လျှင် ဘာသာရေးအရ၊ ဝါဒရေးအရ၊ လူတန်းစားအလွှာအရ စသည်ဖြင့် အမျိုးမျိုးသော သွေးထိုးမှုတွေကိုလဲ လုပ်ဆောင်မှာဖြစ်တယ်။ အလားတူပဲ တပ်မတော်ဆိုတဲ့ လက်နက်ကိုင်အဖွဲ့အစည်းကို ဖြိုခွဲသလို အခြားသော ဝန်ထမ်းအဖွဲ့အစည်းတွေကိုလဲ ဖြိုခွဲမှာဖြစ်တယ်။

ဒါကြောင့် ဒို့နိုင်ငံရဲ့ အဓိကလိုအပ်ချက်ဟာ သွေးစည်းညီညွတ်ရေး ဖြစ်တယ်။ သွေးစည်းညီညွတ်ရေးအတွက် မဏ္ဍိုင်ပြုရမယ့် အမျိုးသားရေးမူဝါဒကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲဖြစ်တယ်။

ရဲဘော်တို့–

အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်တဲ့ မျိုးချစ်တပ်မတော်ဟာ နိုင်ငံတော်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်တဲ့အန္တရာယ် ပေါ်ပေါက်လာတိုင်း မဆိုင်းမတွ ရင်ဆိုင်ဖြေရှင်း စောင့်ရှောက်ခဲ့စမြဲဖြစ်တယ်။ တပ်မတော်ကတော့ အတိတ်နဲ့ပစ္စုပ္ပန်မှာလဲ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သလို အနာဂတ်မှာလဲ ဒို့တာဝန်အရေးသုံးပါးကိုသာ အမြဲထာဝရ ဦးထိပ်ပန်ဆင်သွားမှာဖြစ်တယ်။ ပြည်ထောင်စုကို ဖြိုခွဲသူမှန်သမျှ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲသူမှန်သမျှ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသူ မှန်သမျှဟာ နိုင်ငံတော်ရဲ့ ရ

ဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒို့တာဝန်အရေးသုံးပါးကို ကာ

တပ်မတော်ဟာ အမြဲတမ်းလေ့ကျင့်ရမ

သတိရှိရမည်။ အမြဲတမ်း တိုက်ပွဲဝ

မြဲသုံးမြဲနဲ့ ပြည့်စုံနေဖို့လိုတယ်။ ဒါမှသာ ဒို့

နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျ

အကျိုးပြု လုပ်ငန်းတာဝန်တွေကို ကျေ

ကြမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

ဒို့တပ်မတော်သားတွေဟာ ပြည

လာသူတွေ ဖြစ်တယ်။ ဒို့ဟာ ပြည်သူတွေ

ဖြစ်တာနဲ့အညီ ရောက်ရာဒေသ၊ ကျ

ပြည်သူလူထုကို ကိုယ့်မိဘအရင်းအချ

စောင့်ရှောက်ကြ၊ ကာကွယ်ကြ အကျိ

ပေးကြရတယ်။ မိဘပြည်သူတွေဟာ

ရဲဘော်တို့ကို ချစ်ခင်ရင်းစွဲ ရှိပြီးသား

သားတွေကလဲ အနာဂတ်မှာ နိုင်ငံ

တိုးတက်ပြီး ပြည်သူတွေ သာယာဝပြော

စက်မှု၊ လျှပ်စစ်စွမ်းအင်၊ လမ်းပန်းဆက်သွ

ပညာရေးစတဲ့ ကဏ္ဍအသီးသီးမှာ ဖွံ့

တွေကို တည်ဆောက်ပေးလျက်ရှိတယ်

ပေးနေခြင်းဟာ ဂုဏ်ယူမောက်ကြွားစရာ

သည် ပြည်သူ့အတွက် ဆိုတဲ့မှုအရ

တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံ

လုပ်ငန်းတွေမှာ အားသွန်ခွန်စိုက် ပါဝ

ဒါ့အပြင် သားကောင်းရတနာတွေဖြစ်တဲ့

(၆၀)သော ပြည်သူ့တပ်မတော်သားကျင့်

နေထိုင်ကြရမယ်။ တပ်မတော်ဟာလဲ

တပ်မတော်ဖြစ်တာကြောင့် နိုင်ငံတော်ဟ

မျိုးကိုမဆို တွန်းလှန်နိုင်မှာဖြစ်ကြောင်

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်း၌ ရောင်စုံမီးများ ထွန်းညှိထားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည်သူနဲ့ လက်တွဲပြီး အကောင်အထည် ဖော်လျက်ရှိရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူ ချမှတ်ခြင်းလုပ်ငန်းဟာ အပြီးသတ်အပိုင်းကို ရောက်ရှိနေပြီဖြစ်တယ်။ ကျန်တဲ့ လုပ်ငန်းအဆင့်တွေဟာလဲ ပြည်သူတစ်ရပ်လုံးရဲ့ စွမ်းအားနဲ့ အောင်မြင်စွာ ပြီးမြောက်သွားမှာ ဖြစ်တယ်။

...စာင့်ရှောက်သလို အနာဂတ်မှာလည်း ဒို့တာဝန်အရေးသုံးပါးကိုသာ အမြဲထာဝရဦးထိပ်ပန်ဆင် ...ချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးသူမှန်သမျှ နိုင်ငံတော်ရဲ့ ရန်သူရန်ဖြောင့်တွေသာဖြစ်

...တဲ့ ပြည်တွင်းပြည်ပအဖျက်သမားများရဲ့အန္တရာယ်ကို ပြည်သူတို့နဲ့အတူလက်တွဲချေမှုန်းကြ

...ညီညွတ်
...ရှိရမယ့်
...ိုင်းရင်း
...အာဏာ
...ယ်။

...ာက်တဲ့
...းပါးကို
...ာင်ဆိုင်
...တော့
...ကွယ်
...ကိုသာ
...ာင်စု
...ရေးကို
...ရေးကို

ထိပါးသူ မှန်သမျှဟာ နိုင်ငံတော်ရဲ့ ရန်သူရန်ဖြောင့်တွေသာ ဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မယ့် တပ်မတော်ဟာ အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်။ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုတဲ့ မြဲသုံးမြဲနဲ့ ပြည့်စုံနေဖို့လိုတယ်။ ဒါမှသာ ဒို့ရဲ့အဓိက တာဝန်ဖြစ်တဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားက မွေးဖွားလာသူတွေ ဖြစ်တယ်။ ဒို့ဟာ ပြည်သူတွေရဲ့ ရင်နှစ်သည်းချာတွေဖြစ်တာနဲ့အညီ ရောက်ရာဒေသ၊ ကျရာတာဝန်မှာ တွေ့ရတဲ့ ပြည်သူလူထုကို ကိုယ့်မိဘအရင်းအချာပဲလို့ သဘောထားပြီး စောင့်ရှောက်ကြ၊ ကာကွယ်ကြ အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရတယ်။ မိဘပြည်သူတွေဟာ ကိုယ့်သားသမီးဖြစ်တဲ့ ရဲဘော်တို့ကို ချစ်ခင်ရင်းစွဲ ရှိပြီးသားဖြစ်တယ်။ တပ်မတော်သားတွေကလဲ အနာဂတ်မှာ နိုင်ငံတော်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတွေ သာယာဝပြောဖို့အတွက် စိုက်ပျိုးရေး၊ စက်မှု၊ လျှပ်စစ်စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးနဲ့ ပညာရေးစတဲ့ ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးရေးအခြေခံကောင်းတွေကို တည်ဆောက်ပေးလျက်ရှိတယ်။ ယခုလို လုပ်ဆောင်ပေးနေခြင်းဟာ ဂုဏ်ယူမောက်ကြွားစရာမဟုတ်ဘဲ တပ်မတော်သည် ပြည်သူ့အတွက် ဆိုတဲ့မူအရ ဆောင်ရွက်နေခြင်းဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အားသွန်ခွန်စိုက် ပါဝင်လုပ်ဆောင်ကြရမယ်။ ဒါ့အပြင် သားကောင်းရတနာတွေဖြစ်တဲ့ ရဲဘော်တို့ဟာ အပါး(၆၀)သော ပြည်သူ့တပ်မတော်သားကျင့်ဝတ်နဲ့ အညီလဲ ကျင့်ကြံနေထိုင်ကြရမယ်။ တပ်မတော်ဟာလဲ ပြည်သူ၊ ပြည်သူဟာလဲ တပ်မတော်ဖြစ်တာကြောင့် နိုင်ငံတော်ဟာ မည်သည့် အန္တရာယ်မျိုးကိုမဆို တွန်းလှန်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

ယနေ့ ဒို့တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်ကို ယူလိုက်ရတဲ့အချိန်မှာ နိုင်ငံတော်ရဲ့ အခြေအနေဟာ ရပ်ပိုင်းရော၊ စိတ်ပိုင်းပါ အဆိုးရွားဆုံး ယိုယွင်းပျက်စီးလျက်ရှိတယ်။ ယခုလို တပ်မတော်က နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းဟာ ပြည်သူတွေရဲ့စွမ်းပကားကြောင့်ပဲ ဖြစ်တယ်။ ယခုဆိုရင် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ပြည်သူနဲ့ လက်တွဲပြီး အကောင်အထည်ဖော်လျက်ရှိရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူ ချမှတ်ခြင်းလုပ်ငန်းဟာ အပြီးသတ်အပိုင်းကို ရောက်ရှိနေပြီဖြစ်တယ်။ ကျန်တဲ့ လုပ်ငန်းအဆင့်တွေဟာလဲ ပြည်သူတစ်ရပ်လုံးရဲ့ စွမ်းအားနဲ့ အောင်မြင်စွာ ပြီးမြောက်သွားမှာ ဖြစ်တယ်။

ရဲဘော်တို့-

နိဂုံးအားဖြင့် ပြောကြားရရင် တပ်မတော်က ပြည်သူလူထုရဲ့ ဆန္ဒနဲ့ အညီ ခေတ်ပြောင်း၊ စနစ်ပြောင်းတာဝန်ကို ထမ်းဆောင်နေရချိန်မှာ မျိုးချစ် တပ်မတော်သားတွေပီပီ မိမိတို့ရဲ့ ကျရာလုပ်ငန်းတာဝန်မှန်သမျှကို အရှိန်အဟုန်နဲ့ ဆတက်ထမ်းပိုးကြိုးပမ်းထမ်းဆောင်ကြရမယ့်အပြင် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များအတိုင်း-

- **အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါ၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြပါ၊**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းကြပါ၊**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ကြပါ၊**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖြိုခွဲတယ်ဆိုရာမှာ ပြည်သူလူထုအတွင်း တိုင်းရင်းသားလူမျိုးစုအချင်းချင်းသာမက လူမျိုးစုတစ်စုတည်းအတွင်းမှာပင်လျှင် ဘာသာရေးအရ၊ ဝါဒရေးအရ၊ လူတန်းစားအလွှာအရ စသည်ဖြင့် အမျိုးမျိုးသော သွေးထိုးမှုတွေကိုလဲ လုပ်ဆောင်မှာဖြစ်တယ်။ အလားတူပဲ တပ်မတော်ဆိုတဲ့ လက်နက်ကိုင်အဖွဲ့အစည်းကို ဖြိုခွဲသလို အခြားသော ဝန်ထမ်းအဖွဲ့အစည်းတွေကိုလဲ ဖြိုခွဲမှာဖြစ်တယ်။ ဒါကြောင့် ဒို့နိုင်ငံရဲ့ အဓိကလိုအပ်ချက်ဟာ သွေးစည်းညီညွတ်ရေးဖြစ်တယ်။ သွေးစည်းညီညွတ်ရေးအတွက် မဏ္ဍိုင်ပြုရမယ့် အမျိုးသားရေးမူဝါဒကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲဖြစ်တယ်။

နေပြည်တော်ရှိစစ်ရေးပြကွင်းကြီး ဝေဟင်မှတွေ့မြင်ရ

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ ဝေဟင်မှတွေ့မြင်ရစဉ်။

(သတင်းစဉ်)

...ယ့်
...နဲ့
...ာ်
...ဒေ
...တ်
...ကို
...န်း
...ရဲ့
...ျား

(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ဆုချီးမြှင့်

နေပြည်တော် မတ် ၂၇

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့ တက်ရောက်၍ ဆုချီးမြှင့်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြ စံပြပထမဆုရ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ အကောင်းဆုံးစစ်ရေးပြတပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်နှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အထူးဆုရရှိကြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အထူးဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများချီးမြှင့်သည်။

အထူးဆု

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အထူးဆုရရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြ စံပြတတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်ရေးပြ စံပြဒုတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြ စံပြပထမဆုရ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြ တပ်ခွဲတို့အား ဆုများချီးမြှင့်သည်။

ရုပ်သိမ်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မြင့်နောင်နှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၂) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး အထူးဆုရရှိသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၃–၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်(ဝဋ္ဋသုတ်)
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ သုံးဆယ်ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Happy and Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၅ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၃၅ ၈။ ရသပေါ်လွင်သရုပ်ဆောင် လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင် ရွှေညာဏ်ရှင်
၁၉:၀၀ ၁၂။ Discovery
၁၉:၁၅ ၁၃။ **"ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ"** ကျော်ဇေယျ၊ မေသန်းနု၊ ပန်းဖြူ [ဒါရိုက်တာ–မောင်မောင်ဦး (စနိုးပိုက်)]
၁၉:၂၅ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉:၄၀ ၁၅။ ပြည်သူ့အတွက်တပ်မတော် (နယ်စပ်စည်ပင်၊ ဆက်သွယ် ရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **"သားကောင်းမိခင်"(အပိုင်း–၂) လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း (ဒါရိုက်တာ–ပန်းချီစိုးမိုး)**

မည်သူပြိုင်၍ နိုင်မည်နည်း

* တပ်မတော်၏၊ ဖြစ်ပေါ်ဖွဲ့စည်း
ခရီးတစ်လျှောက်၊ မဖောက်မပြန်
နိုင်ငံအတွက်၊ ယုံကြည်ချက်ဖြင့်
မုန်တိုင်းနှင့်ကြုံ၊ ရွက်မလုံဘဲ
တက်စုံမရှိ၊ ဖြစ်ခဲ့ဘိလည်း
ဇာတိမာန်စိတ်၊ ပုံရိပ်ထင်ဟပ်
အတ္တုပ္ပတ္တိ၊ မြင့်မြတ်တာဝန်
ကျေပွန်ထမ်းဆောင်၊ ဂုဏ်ရောင်ရွှန်းလက်
အနီထက်မှ ကြယ်ဖြူပွင့်။

* သမိုင်းလှေကားထစ် "၆၂"နှစ်တိုင်
ခိုင်ခိုင်မြဲမြဲ၊ ရဲရဲယုံကြည်၊
နိုင်ငံတည်ဆောက်၊ ဂုဏ်မြောက်မော်ကွန်း
ရည်ညွှန်းရလျှင်၊ စဉ်ဆက်မပြတ်
သက်နှင်းအပ်၍၊ ပေးဆပ်တာဝန်
ကျေပွန်မပျက်၊ မျိုးဆက်သစ်တွေ
ပွင့်သစ်ဝေခဲ့၊ ဒို့မြေတစ်လက်မ
ကျူးကမခံ၊ နိုင်ငံအန္တရာယ်
အသွယ်သွယ်ကို၊ ဖယ်ရှားရှင်းလင်း
ငြိမ်းချမ်းခြင်းဖြင့်၊ တိုင်းရင်းသားတို့
အင်အားပေါင်းစည်း၊ ညီညွတ်ပြီးလျှင်
ခရီးရှေ့ဆက်၊ အနီထက်မှ
ရွှန်းလက်ကြယ်ဖြူ၊ အောင်လံထူမည်
မည်သူပြိုင်၍၊ နိုင်မည်နည်း။ ။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်–

ကေတုနီလာ

ရေဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီးဗိုလ်ချုပ်စောထွန်းစစ်ဆေး၊ သတ်မှတ်ချိန်အမီပြီးစီးရေးမှာကြား

နေပြည်တော် မတ် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၅ရက် နံနက်ပိုင်းက ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ မန္တလေး ဘက်ကမ်းစီမံကိန်းတာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီးဦးဌေးမြင့်နှင့် စစ်ကိုင်းဘက်ကမ်း တာဝန်ခံအင်ဂျင်နီယာ ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးဆန်းဝင်းတို့က လုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် မန္တလေး–စစ်ကိုင်း–ရွှေဘိုလမ်းနှင့် တံတားကြီး အဆင်းတို့ ဆက်သွယ်သည့် မန္တလေး ဘက်ကမ်း အဝိုင်းပတ်လမ်းကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက်၍ ချဉ်းကပ်တံတားနှင့် ပင်မတံတားကြီးပေါ်၌ နိုင်လွန်ကတ္တရာခင်းလုပ်ငန်းပြီးစီးမှု၊ တံတားကြီး အချောသတ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ပင်မခုံးတံတား ထိန်း အဆိုင်းသံပေါင် (Suspender) များကို အားဖြည့်သည့် လေဒဏ်ထိန်းချုပ်တန်းများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည်စစ်ကိုင်းဘက်ကမ်းချဉ်းကပ်လမ်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက ချဉ်းကပ်လမ်း ကတ္တရာခင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ဆဲ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လမ်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ မီးရထားလမ်းနှင့် တံတားချဉ်းကပ်လမ်းအကြား ရေစီးဆင်းမှု စနစ်မှန်ကန်အောင်ဆောင်ရွက်ရေး၊ တံတားကြီးအပေါ်လမ်းသွယ်များမှအတက်အဆင်း၊ အဝင်အထွက်မှန်ကန်၍ အန္တရာယ်ကင်းအောင် စီမံဆောင်ရွက်ရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦး ချွန် မိုန်၊ ဦးရွှေနီ–ဒေါ်ဆင် တို့အား ရည်စူး၍ ရန်ကုန်မြို့ ရွှေဘုံသာလမ်း အမှတ်(၂၃၄)နေ ဦးမျိုးအောင်–ဒေါ်စန်းအိ၊ သား သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၄ရက်က လွတ်လပ်ရေးရပ်ကွက် ပညာတံခွန်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်ခင်မမနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးတင်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနရိန္ဒာစာရ အရှင်သူမြတ်၏ သြဝါဒကိုခံယူ၍ (၅၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်းပွဲကို ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ ဓမ္မကထိကဆရာတော် ဦးကေသရ (ဓမ္မာစရိယ ဝိနယဝိဒူ) မိုးကုတ်အဖွဲ့ချုပ်က ဟောပြောပို့ချမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအနေဖြင့် ပဓာနဆရာတော် ဦးအဂ္ဂဉာဏနှင့် အဖွဲ့ခွဲ(၃၂)အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း ဖုန်း–၀၅၃–၅၀၅၂၈၊ ၅၀၃၈၂ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ဝ၄ဝ)

သကြိန် ၁၀ရက်တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်တိတ်ဒေသနန့်ဆင်–ကျွန်းတော နယ်မြေ တုံစည်ဘုရားစေတိယ ရက္ခိတကျောင်းတိုက်ရှိ မဟာသတိပဋ္ဌာန် ဓမ္မာရုံတွင် မဟာစည်သြဝါဒခံ သင်္ကြန်၁၀ရက် တရားစခန်းနှင့် စုပေါင်းဒုလ္လဘရဟန်းခံပွဲကို ၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက်မှ ကဆုန်လဆန်း ၅ရက်(ဧပြီ ၁၁ရက်မှ၂၀ရက်)အထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် သင်္ကြန်တရားစခန်း ဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ပါဠိပထမပြန် စာမေးပွဲကျင်းပ

ပါဠိပထမပြန် စာမေးပွဲကို ဂန္ထဝါစာစစ်ဌာန၌ မတ် ၂၅ရက်က စတင်ကျင်းပရာ ပထမကြီးတန်းတွင် ၁၂ပါး၊ ပထမလတ်တန်းတွင် ၁၄ပါး၊ ပထမငယ်တန်းတွင် ၃၆ပါး ဖြေဆိုတော်မူကြကြောင်း သိရသည်။

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဇောတိက(၁)လမ်း မိုးကုတ်ဝိပဿနာတိုက်ခွဲ အမှတ်(၁၈၈) မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို မဟာဝိသုဒ္ဓါရုံကျောင်း ဆရာတော် နယ်လှည့်ဓမ္မကထိက ဦးဝိသုဒ္ဓနှင့် နယ်လှည့်ဓမ္မကထိက လသာအေးကျောင်း ရေနီဆရာတော် ဦးဓမ္မပီယ၊ နယ်လှည့်ဓမ္မကထိကဦးသိန်းမြင့်တို့က သစ္စာလေးပါး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောပြောပို့ချမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် တန်ခူးလပြည့်ကျော် ၁၃ရက် ညနေ ၃ နာရီအရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး

ကော့သောင်း မြို့နယ်အတွင်းရှိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးများ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မတ် ၁၇ရက် နံနက် ၉ နာရီက ရွှေပြည်သာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမတွင် ကျင်းပသည်။

အဆိုပါ ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းကို မတ် ၁၇ရက်မှ ၃၀ရက်အထိ ကော့သောင်း မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများရှိ ကလေးငယ်များကို ဝက်သက်ကာကွယ်ဆေး ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လားရှိုးကိုယ်ပွားသတင်းစာတိုက် မီးဘေးကာကွယ်ရေး သရုပ်ပြ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) မီးဘေးကာကွယ်ရေး သရုပ်ပြပွဲကို မတ်၂၆ရက် ညနေ၃နာရီခွဲက အဆိုပါစက်ရုံတွင် ကျင်းပရာ ကိုယ်ပွားသတင်းစာတိုက် တာဝန်ခံအရာရှိ(စာတည်း)ဦးဇော်လွင်နှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး၊ လားရှိုးမြို့ ဗဟိုမီးသတ် တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူးဦးလှမြင့်က မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးအတွက် ဂရုပြုစရာများ အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုနည်းစနစ်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းသည်။ ထို့နောက်စာတည်း ဦးဇော်လွင်နှင့် ဝန်ထမ်းများက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

ရပ်ရွာဖွံ့ဖြိုးရေး ဒေးဒရဲ၌ ဆွေးနွေး

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်သည် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေးဒရဲမြို့နယ် လှဲဆိပ်ချောင်းကြီး ကျေးရွာအုပ်စုသို့ မတ် ၁၄ရက်က သွားရောက်ကာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် အခြေခံ ပညာမူလတန်းကျောင်းတွင် တွေ့ဆုံပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း ဖြစ်မြောက်ရေး၊ စိုက်ပျိုးပြီးနှင့် စိုက်ပျိုးဆဲ ကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရေး၊ ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ကျေးရွာမြစ်ဆိပ်လမ်းဖောက်လုပ်ရေး စသည့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ကြရန် ဆွေးနွေးကြောင်း သိရသည်။

တိုင်းရင်းဆေး အဆောက်အအုံသစ်အတွက် အလှူငွေပေးအပ်

ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာန အဆောက်အအုံသစ်အတွက် အလှူငွေ ပေးအပ်ပွဲကို မတ် ၁၇ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံသစ်တွင် ကျင်းပရာ အလှူရှင် ဦးသိန်းမောင် (လူမှုထူးချွန် တတိယဆင့်) ရွှေလမင်း ဆေးလိပ်ခုံပိုင်ရှင် မိသားစုက တိုင်းရင်းဆေးပညာ ဦးစီးဌာန အဆောက်အအုံသစ် ဆောက်လုပ်ရန် အလှူငွေ (ဒုတိယအကြိမ်) ငွေကျပ်ငါးသိန်းကို ရေဝတီတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနဦးစီးမှူးဦးသိန်းဝင်းထံ ပေးအပ်လှူဒါန်းသည်။

လူထုအသိပညာပေး ဆွေးနွေးပွဲ တနိုင်းတွင်ကျင်းပ

ကချင်ပြည်နယ် တနိုင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လူထုအသိပညာပေးဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၁နာရီက တနိုင်းမြို့နယ် မုန်ဒိန်ရပ်ကွက် သာယာရွှေပြည်သစ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ စိုင်းထွန်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အေအိုင်ဒီအက်စ်)အကြောင်းနှင့် ကျန်းမာရေးဆိုင်ရာအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းနိုင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက စိုက်ပျိုးရေး အကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဟောပြော ဆွေးနွေးကြသည်။

ကျေးရွာများသို့ ကွင်းဆင်း ပြည်သူ့အကျိုးပြု လုပ်ငန်း ဆောင်ရွက်

ချင်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်အောင်ညွှန့်သည် မတ် ၂၁ရက် ညနေ ၃နာရီက မင်းတပ်ခရိုင် ရေဇွာမြို့သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ၂၀၀၇–၂၀၀၈ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ရည်မှန်းချက်လုပ်ငန်းတာဝန်ကိုးရပ်အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး၊ ကျေးရွာများသို့ ကွင်းဆင်း၍ ပြည်သူလူထုနှင့် ထိတွေ့ကာ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး၊ နယ်မြေဒေသအခြေအနေများကို အချိန်နှင့်တစ်ပြေးညီတင်ပြရေး မှာကြားကာ ရုံးတွင်ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်း၊ စာကြည့်တိုက်နှင့် ရုပ်မြင်သံကြားပြသမှု လုပ်ငန်းများ စစ်ဆေးသည်။

ဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ မကွေးစည်ပင်ဈေးအတွင်း ကွင်းဆင်းလေ့လာ

မကွေးမြို့ စည်ပင်သာယာမြို့မဈေးကြီးအတွင်း မကွေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က)ကျောင်းသား၊ ကျောင်းသူ ၇၀သည် မတ် ၈ ရက်က ကျန်းမာရေးကွင်းဆင်းလေ့လာရာ မြို့နယ်စည်ပင် ဒုတိယဦးစီးမှူး ဦးကျော်ဌေးဦး၊ ကျန်းမာရေးမှူးဦးဘိုလင်းတို့က ဈေးမိလ္လာပစ်စနစ်၊ ရေပေးဝေရေးစနစ်၊ အသားငါးရောင်းချခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းစွာ ရောင်းချခြင်းစနစ်၊ ဟင်းသီးဟင်းရွက်များ လတ်ဆတ်စွာရောင်းချခြင်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

အောင်လံမြို့ ဗိုလ်တဲလမ်း ကတ္တရာခင်း

၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အောင်လံမြို့ ဗိုလ်တဲလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို မတ် ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်နု ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်တင့်ဆွေက ရှင်းလင်းပြသကြောင်း သိရသည်။

ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းနှင့်စာကြည့်တိုက်ဖွင့်

ရေစကြိုမြို့နယ် စည်သာစံပြကျောင်းတိုက် ကုသိုလ်ဖြစ် ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန် ကျောင်းဖွင့်ပွဲနှင့် ရွှေစည်သာစာဥယျာဉ် စာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက် မိန့်ခွန်းပြောကြား

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

စစ်ရေးပြအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်ဦးဆောင်သည့် စစ်ရေးပြ စစ်ကြောင်းသည် စစ်ရေးပြကွင်းအတွင်း နေရာယူကြသည်။

အလေးပြု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းထံ စစ်ရေးပြမှူးက စစ်ရေးပြစစ်ကြောင်းအား တန်းအပ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်သားများက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက မိန့်ခွန်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးက ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် တပ်သားအဆင့်၌ ပထမရရှိသည့် တပ်သားဇော်မင်းထိုက်၊ အကြပ်အဆင့်၌ ပထမရရှိသည့် တပ်ကြပ်မျိုးခင်၊ အရာခံအဆင့်၌ ပထမရရှိသည့် ဒုတိယအရာခံဗိုလ်အောင်နိုင်ဦးနှင့် အရာရှိအဆင့်၌ ပထမရရှိသည့် ဗိုလ်ကြီးယဉ်ထွေးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆု၊ တိုင်းစစ်ဌာနချုပ် စစ်ရေးပြအခမ်းအနား၌ အကောင်းဆုံး စစ်ရေးပြအထူးဆု၊ တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ရေးပြမှူးက တိုင်းမှူးထံ တန်းဖြုတ်ခွင့်တောင်းခံကာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိန့်ခွန်းပြောကြား

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဆက်လက်ပြသ လာရောက်ကြည့်ရှုသူ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကား

ရန်ကုန် မတ် ၂၇

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ဆက်လက်ပြသလျက်ရှိရာ ယနေ့သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်နှင့်အညီ ရဟန်းရှင်လူ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၄၄၄ ဦးလာရောက်ကြည့်ရှုလေ့လာကြသည်။

ဝေဝေဆာဆာ

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲတွင် ဝန်ကြီးဌာန ပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၏ တပ်မတော် သမိုင်းပြခန်းများတွင် ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်များဖြင့် ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ပြခန်းတွင် တပ်မတော်(ရေ) သမိုင်းဝင် အထောက်အထားများပြကွက်၊ သမိုင်းဝင် "တံမြက်စည်း" အမြောက်ပြကွက်၊ သမိုင်းဝင် စစ်ရေယာဉ်-မေယုပြကွက်၊ ရေတပ်သင်္ဘောကျင်းပြကွက်၊ မြန်မာ့ ကမ်းရိုးတန်းရေပြင်နယ်နိမိတ် ပြကွက်၊ တပ်မတော်(ရေ) စစ်ရေယာဉ်ပြကွက်၊ ရေတပ် စက်မှုလက်မှုပြကွက်များ အပါအဝင် ပြကွင်းပြကွက်များကို ပြသထားပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ပြခန်းတွင် တပ်မတော်(လေ) ဖွဲ့စည်းမိန့်နှင့် သမိုင်းကြောင်းဆိုင်ရာမှတ်တမ်းဓာတ်ပုံများ ပြကွက်၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ပြကွက်၊ ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်ကျေပွန်ခဲ့သော သမိုင်းဝင် လေယာဉ်များ အပါအဝင် ပြကွင်းပြကွက်များကို ပြည်သူများ ဗဟုသုတရရှိစေရန် ပြသထားသည်။

ပြသထား

ဝန်ကြီးဌာန ပြခန်းများအနက် ကျန်းမာရေးဝန်ကြီးဌာန ပြခန်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ အမျိုးသားကျန်းမာရေးမူဝါဒ၊ ထူးခြားသော အောင်မြင်မှုများ၊ ၂၀၀၆-၂၀၀၇ ခုနှစ် လှုပ်ရှားဆောင်ရွက်မှုများ၊ သုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှု စသည့် ပြကွင်းပြကွက်များကို ပြသထားပြီး ပညာရေးဝန်ကြီးဌာန ပြခန်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ပါရဂူဘွဲ့ရပြီးဦးရေနှင့် တက်ရောက်ဆဲ ဦးရေစာရင်း၊ အခြေခံ ပညာကဏ္ဍ စသည့် ပြကွင်းပြကွက်များကို ပြသထားသည်။

လေ့လာနိုင်

အဆိုပါပြပွဲကို ဧပြီ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြသရာ ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဖားပြုပ်ကြီးတစ်ကောင် သြစတြေးလျမြောက်ပိုင်း၌ တွေ့ရှိခဲ့

ဆစ်ဒနီ မတ် ၂၇

သြစတြေးလျနိုင်ငံမြောက်ပိုင်း၌ Toadzilla ဟု အမည်ပေးထားသည့် ခွေးပေါက်အရွယ် ဖားပြုပ်ကြီး တစ်ကောင်ကို ဖမ်းဆီးရမိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါဖားပြုပ်ကြီးသည် သြစတြေးလျမြောက်ပိုင်း၌ တွေ့ရသော ဖားများတွင် အကြီးဆုံး ဖားဖြစ်ပြီး အလေးချိန် နှစ်ပေါင်ခန့်ရှိကြောင်း ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

အဆိပ်ပြင်း

သြစတြေးလျပတ်ဝန်းကျင် ပညာရှင်များအဖွဲ့က အဆိုပါဖားပြုပ်ကြီးမျိုးများသည် အဆိပ်ပြင်းဖားများဖြစ်ပြီး အဆိုပါဖားပြုပ်များသည် ၁၉၃၀ ပြည့်နှစ်များက ဟာဝိုင်ရီမှ ပျံ့နှံ့ရောက်ရှိလာကြကြောင်း၊ ၎င်းဖားပြုပ်ကြီးကို သြစတြေးလျမြောက်ပိုင်း ဒါဝင်းဒေသ၌ ဖမ်းဆီးရမိခြင်း ဖြစ်ကြောင်း သိရသည်။

ရှာဖွေသုတ်သင်

ယင်းဖားပြုပ် စောင့်ကြည့်လေ့လာရေးအဖွဲ့က အဆိပ်ရှိ အဆိုပါဖားပြုပ်မျိုးများကို လိုက်လံရှာဖွေသုတ်သင် ရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

(၆၂)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များနှင့် ဂျာနယ်၊မဂ္ဂဇင်းများမှသတင်းထောက်များတက်ရောက်သတင်းရယူ

တက်ရောက်

ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။
(သတင်းစဉ်)

နေပြည်တော် မတ် ၂၇

ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် သတင်းစာများမှ ဗျူရိုအကြီးအကဲများ၊သတင်းထောက်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ကျင်းပသော ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်၍ သတင်းရယူကြသည်။

တက်ရောက်

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများမှာ ပြည်ပသတင်းဌာနများဖြစ်ကြသော BBC၊ CNN၊ Kyodo News၊ AFP၊ Tokyo Broadcasting System၊AP၊ NHK၊Fuji TV၊ Reters၊ TV Asahi၊ Ji Ji Press၊ EPA၊ Deutsche Press Agentur (dpa)သတင်းဌာနများနှင့် Mainichi Shimbun၊ Tokoy Shimbun၊ Asa hi Shimbun၊ Sankei Shimbun၊ Yomiuri Shimbun၊ Hokkaido Shimbun၊ Nihonkeizai Shimbun သတင်းစာများမှ ဗျူရိုအကြီးအကဲများနှင့် သတင်းထောက်များ ၃၂ ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက် ၁၈ဦးနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းတို့မှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာအဖွဲ့ဝင်များနှင့် သတင်းထောက်များ ၂၆ဦး စုစုပေါင်း ၇၆ဦးတို့ ဖြစ်ကြသည်။

(သတင်းစဉ်)

ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် သတင်းရယူကြစဉ်။
(သတင်းစဉ်)

နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့်ရင်ပြင်သို့ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာအပန်းဖြေအနားယူ

နေပြည်တော် မတ် ၂၇

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီး အတွင်းရှိ တပ်မတော်ပန်းခြံနှင့်ရင်ပြင်ကို အများပြည်သူများ လေ့လာကြည့်ရှုအပန်းဖြေနိုင်ရန် ယနေ့နံနက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအပြီး မွန်းတည့် ၁၂နာရီမှ ည ၉နာရီအထိဖွင့်လှစ်ထားရှိရာ နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှ ဝန်ထမ်းများ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

တပ်မတော် ပန်းခြံနှင့်ရင်ပြင်တွင် ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများကို လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများ မျက်စိပသာဒနှင့် အမြင်အာရုံသစ်ဆန်းစေရန် လှပဝေဆာစွာ ထွန်းညှိစိုက်ပျိုးထားရှိရာ ပြည်သူများသည် စိတ်လက်ချမ်းသာစွာ အနားယူ အပန်းဖြေလျက်ရှိကြသည်။

ထို့ပြင် တပ်မတော်ပန်းခြံနှင့်ရင်ပြင်သို့ နေပြည်တော်အနီးဝန်းကျင်ရှိ ပြည်သူများသွားလာမှုလွယ်ကူအဆင်ပြေစေရန် မော်တော်လိုင်းများလည်း ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါ တပ်မတော်ပန်းခြံနှင့်ရင်ပြင်ကို ယနေ့မှ မတ်၃၁ ရက်အထိ နေ့စဉ်နံနက်၇နာရီမှ ည၉နာရီအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

(သတင်းစဉ်)

လက်ဖက်ရည်ဖျော်စပ်နည်းပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၇

မြန်မာစားဖိုမှူးများအသင်း(Myanmar Chefs Association)သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် Tea Cocktail Competition Myanmarကို မတ်၁၇ရက်တွင် သမ္မတဟိုတယ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို The Governor Residence မှ Ma Lai Ram Chann၊ ဒုတိယဆုကို Strand Hotel မှ ဦးလှမြင့်၊ ဝဏ္ဏထွန်းနှင့် အောင်အောင်၊ တတိယဆုကို Manis Restaurant & Bar မှ စောမင်းမင်းအေးနှင့်မိုးမိုးအောင်တို့က ရရှိကြသည်။ ဆုများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲကို မြန်မာလူငယ်များ ဟိုတယ်စားပွဲထိုးလုပ်ငန်းကျွမ်းကျင်လာစေရန်နှင့် မြန်မာ့လက်ဖက်ရည်ကို ပိုမိုကောင်းမွန်သော နည်းသစ်များဖြင့်ဖျော်စပ် တည်ခင်းနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ အပန်းဖြေ

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီး အတွင်းရှိ တပ်မတော်ပန်းခြံနှင့်ရင်ပြင်တွင် အများပြည်သူများ ကြည့်ရှုလေ့လာ အပန်းဖြေကြစဉ်။
(သတင်းစဉ်)

ဓမ္မမိတ်ဆွေအပေါင်းသူတော်ကောင်းတို့

မန္တလေးမြို့၊ လမ်း ၈၀၊ တရုတ်တန်းနေ ဦးဟန်မြိုင်-သီဟသုဓမ္မသီဂိ ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်)တို့မှ ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျွန်တော်၊ ကျွန်မတို့မှာ သံသရာလောကထဲမှလွတ်ကင်း၍ နိဗ္ဗာန်အကျိုးမျှော်ကိုးပြီး စစ်ကိုင်းတောင်ရိုး၊ ဂေါသီတာချောင်၌ ဆောက်လုပ်လှူဒါန်းထားသော ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကြီးကို ၁၉၈၉ခုနှစ်မှစ၍ ဆောက်လုပ်လှူဒါန်းပြီး တရားစခန်းဖွင့်လှစ်သည်မှာတစ်ရက်မှမပျက်ခဲ့ပါ၊ သို့သော် တစ်လစခန်းသို့အချိန်မရ၍ မထိုင်နိုင်သူများအား အထူးမေတ္တာထား၍ သကြံန်တရားစခန်းသို့ ၁၀ရက်တိတိ ယောဂီ ၃၅၀အထိ လက်ခံခဲ့ပါသည်။ ယခုနှစ်လည်း လာရောက်တရားအားထုတ်လိုသော ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီများသည် တရားစခန်းကို ၈-၄-၂၀၀၇ရက် တန်ခူးလပြည့်ကျော် (၇) ရက်တွင်ဖွင့်လှစ်၍ ၁၇-၄-၂၀၀၇ရက် (နှစ်ဆန်းတစ်ရက်နေ့) ကဆုန်လဆန်း (၂)ရက်တွင် တရားစခန်းသိမ်းပါမည်။ လာရောက်အားထုတ်လိုသူများသည် ၉-၄-၂၀၀၇ရက်အရောက်လာကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဓမ္မစွမ်းရည်၊ ကိုယ်၌တည်
ချမ်းသာကိုယ်စိတ်မြဲပါစေ

ဆက်သွယ်ရန်-
ဘဒ္ဒန္တသိရိန္ဒ ဓမ္မစွမ်းရည်မဟာစည်ရိပ်သာ၊ စစ်ကိုင်း ဖုန်း-၀၇၂-၂၁၆၆၀၊ ဦးဟန်မြိုင်၊ သီဟသုဓမ္မသီဂိ ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်) ဖုန်း-၀၉-၂၀-၀၂၅၉၅-၆၁၈၆၁၊ မန္တလေး။

မွေးနေ့ဆုတောင်း

၂၈-၃-၂၀၀၇ရက်တွင် ကျရောက်သော **ကိုကျော်ဆွေငြိမ်း** ၏ နှစ်(၄၀)မြောက် မွေးနေ့မှသည် နောင်နှစ် ၁၂၀တိုင် ချစ်ဇနီး၊ ချစ်သားသမီးများနှင့် ပျော်ရွှင်စွာ လက်တွဲသွားနိုင်ပါစေ။

ချစ်ဇနီး – မနီနီ
ချစ်သားကြီး – အောင်ဘုန်းခန့်
ချစ်သားငယ် – သီဟန်ကောင်းဆက်
ချစ်သမီးလေး – လမင်းဖြူ
ပန်းဘဲကုန်းရပ်-ညောင်ဦးမြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Sakura Tower နှင့် Sakura Residence အတွက် အောက်ပါ လစ်လပ်နေရာများကို ခေါ်ယူနေပါသည်။

(1) Waiters / Waitresses (2) Chief Engineer
(3) Receptionists (4) Air-Con Technicians
(5) Chief Cooks

အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှု လိုအပ်သည်။ လုပ်သက်အတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အောက်ပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

၅၀၅(ငါးထပ်)၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၅၂၅၅။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်း(၅၀/သမိုင်း) မြေကွက်(၃/ဆ) ဒေါက်တာကြည်ခင်၊ ဒေါ်တင်အေး အမည်ပေါက်မြေပိုင်မြေ(၃/ခ ရပြီး)အား ဒေါက်တာကြည်ခင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်အေး ၁၂/မရက(နိုင်)၀၉၄၁၈၂ အမှတ် ၅၀/ဒီ၊ ကမ္ဘာအေးဘုရားလမ်း (၇)ရပ်ကွက်က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်လုပ်ရန် မြေပုံကူးခွင့်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မိုးမင်းဝင်း၏ လုပ်ငန်းရှင်ကိုယ်စားလှယ်ကတ်-၀၂၆၆၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။ **မောင်မိုးမင်းဝင်း ဖုန်း-၅၆၁၅၈၇၊ ၅၇၃၃၀၈။**



မိုး (Moe)

မြို့တွင်း၊ မြို့ပြင်၊ လချုပ်၊ အချိန်ပိုင်း ဘုရားဖူး၊ အပန်းဖြေ ခရီးစဉ်များအတွက် ကားမျိုးစုံ ငှားရမ်းပါသည်။ ယာဉ်ပိုင်ရှင်များ ယုံကြည်စွာအပ်နှံနိုင်ပါသည်။ **ဖုန်း-၅၅၆၅၂။**

မဟာဇိနအတုလသကျမုနိသွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် မတ် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ဥက္ကံ(၈)ရပ်ကွက်ရှိ မဟာဇိန အတုလသကျမုနိသွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဓမ္မပူဇာသဘင်တို့ကို မတ်၂၉ရက်မှ ဧပြီ ၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်အဖြစ် မတ် ၂၉ရက်တွင် သီတဂူအရှင် ဒေဝိန္ဒာဘိဝံသ၊ ၃၀ရက်တွင် အရှင်တေဇာစာရ၊ ၃၁ရက်တွင် ဘဒ္ဒန္တအဂ္ဂိသ အရှင်သူမြတ်တို့က ည၇နာရီမှစ၍ ဘုရားကြီး၏ရင်ပြင်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ဧပြီ ၁ရက် နံနက်၆နာရီတွင် မြတ်စွာဘုရားရှင်အား ဆွမ်း၊ ခဲဖွယ်များ ဆက်ကပ်လှူဒါန်းပြီး နံနက် ၇နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**



ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

အခြေခံမီးသတ်မွမ်းမံသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၇

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ပင်မအလုပ်ရုံ၏(၁/၂၀၀၇) အခြေခံ မီးသတ်မွမ်းမံသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မတ်၁၂ရက် နံနက်၈နာရီက အဆိုပါ ပင်မအလုပ်ရုံဝင်းအတွင်းရှိ စုဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)မှ ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးကျော်သောင်း၊ ပင်မအလုပ်ရုံ(ပျဉ်းမနား)မှ လက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးမြင့်ဆွေနှင့် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးအောင်မြင့်ဆွေ၊ မီးသတ်ဦးစီးဌာနမှ သင်တန်းပို့ချသူများ၊ ပင်မအလုပ်ရုံမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနား အစီအစဉ်အရ မြန်မာ့သစ်လုပ်ငန်းမှလက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)ဦးမြင့်ဆွေနှင့် မြို့နယ်ဦးစီးအရာရှိ ဦးအောင်မြင့်ဆွေတို့က အမှာစကား အသီးသီးပြောကြားကြသည်။

သရုပ်ပြ

ထို့နောက် အကောင်းဆုံး မီးသတ်သင်တန်းသားဆု၊ ယာဉ်/ယန္တရား ပြင်ဆင်ရေးလုပ်အားထူးချွန်ဆု၊ ထောက်ပံ့ထူးချွန်ဆု ရရှိသူများနှင့် ၂၀၀၆ခုနှစ် ရှောင်တခင်ခွင့်ခံစားခွင့်မရှိသူ၊ ဂုဏ်ပြုဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ပြီးနောက်**(ဝဲပုံ)** မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြမှုကို ကျင်းပပြုလုပ်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။**(က-ပ)**

THREE FRIENDS CONSTRUCTION CO., LTD.
မြန်မာ့နှစ်သစ်ကူးအကြိုအထူးအစီအစဉ်

10.4.07 အထိသာ

စဉ်	ပစ္စည်းအမျိုးအမည်		ယခင်ဈေးနှုန်း	ယခုဈေးနှုန်း
1.	အသင့်ခင်းလျှောက်ကြမ်းပြား	10' x 10'	180,000	150,000
2.	ပလာစတာချည်မျှင်	1 kg	750	600
3.	Wall Paper	ဒီဇိုင်း(၂၀၀)ကျော်	မည်သည့်နေရာမှာမဆိုနှိုင်းယှဉ်ကြည့်ပါ	
4.	ပလာစတာကောနစ်	Discount		10 %
5.	အခြားအိမ်အလှဆင်ပစ္စည်းများ		!	!

01-294864,298341,299947,701869, 09-50 11443, 09-50 10289,09-51 54853,09-51 55037
(ဈေးနှုန်းချိုသာစွာရောင်းချပေးနေပါသည်)
44A(1) ...

၃၀.၃.၂၀၀၇(သောကြာနေ့) YAN KIN RESTAURANT ဖြန့်ဖွင့်ပြီ။

– ၃၀.၃.၀၇ မှ ၅.၅.၀၇ အထိ 10 % Discount ဆိုင်ရှင်ရှိန် (6:00AM – 2:00PM)(5:00PM – 9:30PM)
– Dimsum , BBQ Hot-Pot , Chinese Food
– လိပ်စာ၊ အမှတ် (၁-က) ကန်ဘဲ့လမ်း (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ Ph: 578925, 579956

ပုသိမ် ကျေးရွာစာကြည့်တိုက်များ ရှင်သန်တည်တံ့ရေး ဆွေးနွေး

ပုသိမ် မတ် ၂၀

ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးသည် ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရွှေနှင့် မြို့နယ်ဦးစီးမှူး ဒေါ်မာလာဝင်းတို့ လိုက်ပါလျက် မတ် ၁၃ရက် နံနက် ၈နာရီက ပုသိမ်မြို့နယ်တွင်ပါဝင်သော ပေါက်ကုန်းကျေးရွာ ပညာရွှာစာကြည့်တိုက်၊ မွန်းတည့် ၁၂နာရီတွင် ပျဉ်းကတိုးကုန်းကျေးရွာ ပညာရွှေ စာကြည့်တိုက်၊ မွန်းလွဲ ၂နာရီတွင် မြို့ချောင်းကျေးရွာ မြတ်ပညာ စာကြည့်တိုက်များရှိ ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်တည်တံ့ရေး ဆွေးနွေးသည်။

တိုးပွားရေး

ထို့နောက် ခရိုင်ဦးစီးအရာရှိက ဒေသခံ ပြည်သူများနှင့်တွေ့ဆုံ၍ ခိုင်မာပြီး စာကြည့်တိုက်များ Function ငါးရပ်နှင့်ညီညွတ်ရန်နှင့် ပြည့်စုံ၍ စာအုပ်တိုးပွားရေး၊ အသင်းဝင်တိုးတက်ရေးနှင့် ပရိဘောဂ တိုးပွားရေးတို့ အတွက် ဟောပြောဆွေးနွေးသည်။

(ယာပုံ) (ခရိုင် ပြန်/ဆက်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု မြို့ပြလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုက်ကြီးမြို့၌ ကျင်းပ

တိုက်ကြီး မတ် ၂၅

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့ ဈေးရပ်ကွက် ရွှေတောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ရက်က ယင်းလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်စိန်၊ တိုက်ကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဦးဟန်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။**(အပေါ်ပုံ)** အဆိုပါလမ်းသစ်မှာအရှည်ပေ ၄၅၀၊ အကျယ် ၁၂ပေရှိကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ညောင်ဦးမြို့နယ်၌ ခေတ်ကြေးမုံ စာကြည့်တိုက်ဖွင့်

ညောင်ဦး မတ် ၅

ညောင်ဦးမြို့နယ် ကြအိုက္ကျွန်းကျေးရွာ၌ ခေတ်ကြေးမုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ ခေတ်ကြေးမုံစာကြည့်တိုက် အဆောက်အအုံသစ်ကို ကြအိုက္ကျွန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဇဝနဉာဏနှင့် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါအခမ်းအနားတွင် ခေတ်ကြေးမုံစာကြည့်တိုက် ငွေပဒေသာပင်အတွက် ချောက်မြို့ ယုဝတီမှန်ဆိုင် ပိုင်ရှင် ဦးစိုးနိုင်-ဒေါ်ကျေးမိသားစု၊ ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်နှင့် ကြအိုက္ကျွန်းကျေးရွာမှ ပြည်သူများက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဝင်းဆွေက လက်ခံရယူသည်။ ကြအိုက္ကျွန်းကျေးရွာနေ ဦးဌေးဝင်း-ဒေါ်သိန်းဝင်းမိသားစုက ငွေကျပ် နှစ်သိန်းတစ်သောင်းတန်ဖိုးရှိ အယ်လ်ဂျီ အမျိုးအစား ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံးကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဝင်းဆွေက လက်ခံရယူသည်။

လက်ခံယူ

ဆက်လက်၍ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မန္တလေးတိုင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်နှင့် အခြားအလှူရှင်များကလှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၄၀၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဝင်းဆွေက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

ကျန်းမာရေး အသိပညာပေး ဆွေးနွေး

နမ့်စန် မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့် ဦးဆောင်သော မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အမှုဆောင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်အတွင်းရှိ နားရိုင်း ကျေးရွာ မူလတန်းလွန် ကျောင်း အစည်းအဝေး ခန်းမ၌ နားရိုင်းဖွံ့ဖြိုးရေး ဒုတိယဥက္ကဋ္ဌ ဦးကြူစန်းနှင့် တိုင်းရင်းသားများ အားတွေ့ဆုံ ဆွေးနွေး၍ အိုင်အိုဒင်းဆား သုံးစွဲရေး၊ ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါ တားဆီး ကာကွယ်ရေး၊ ယင်လုံအိမ်သာ သုံးစွဲရေး၊ လူမှောင်ခို တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ပညာပေး ဆွေးနွေးခြင်း၊ အမျိုးသမီးရေးရာအင်အား တိုးတက်ရေး စည်းရုံး ဆောင်ရွက်ခြင်း၊ အိုင်အိုဒင်းဆားနှင့် ကွန်ဒုံးများ အခမဲ့ဝေငှ ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သကြၤန်တွင်း တရားစခန်း

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၁)ရပ်ကွက် မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်တွင် မြောက်ဥက္ကလာပမြို့နယ် ရွှေဥမင် ဆရာတော်ကြီးအား ဦးထိပ်ထား၍ သင်္ကြန်တွင်း ၁၀ရက် တရားစခန်းကို ဧပြီ ၁၂ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဂုဏာစာရလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြသမည် ဖြစ်ရာ တရားအားထုတ်လိုသူ ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ ဧပြီ၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မတ် ၆ရက်က ဦးသိန်းချစ်(ချစ်ဆွေပွဲရုံ)အား ရည်စူး၍ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ရတနာထွန်းပွဲရုံ နယ်မြေနေ ဇနီးဖြစ်သူ ဒေါ်နုနုဆွေမိသားစုက မော်လမြိုင်မြို့ စေတနာ နာရေးကူညီမှုအသင်းသို့ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်ဇင်က လက်ခံယူစဉ်။

(၁၆၈)

မြို့သာယာလှပရေး ဆောင်ရွက်

စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်း ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ကော့မှူးမြို့ မြို့သာယာလှပရေး ဆောင်ရွက်ထားသည့် လူသွားစင်္ကြံဆောင်ရွက်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသာဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာပြည်သူများ အသိပညာပေး ဆွေးနွေး

ပြင်ဦးလွင် မတ် ၂၀

ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ကျေးရွာအုပ်စု ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၁ရက်က ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအုပ်စု၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ဇီးပင်ကြီးကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာ ပြည်သူများ တက်ရောက်ကြသည်။

ပါဝင်ကူညီ

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စီမံချက်အတိုင်း ဆောင်ရွက်ရေးနှင့် ပြည်သူများ အသိပညာမြင့်မားရေးအတွက် ကျေးရွာ စာကြည့်တိုက်များတွင် အသိပညာပေး စာစောင်များနှင့် စာအုပ်များထားရှိရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို လူမှုရေး အသင်း အဖွဲ့များက ပြည်သူများအား အသိပေး ပါဝင်ကူညီဆောင်ရွက်ရေး ဆွေးနွေးကြသည်။ **(အောက်ပုံ)(၂၈၀)**

လူထုကျန်းမာရေး လုပ်သားသင်တန်းဆင်း

ညောင်ရွှေ မတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော လူထုကျန်းမာရေး လုပ်သား သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် ညနေ ၃ နာရီက မြို့နယ် ကျန်းမာရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနီလာစိုးက သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းနှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်ဖက်သော မိဘများနှင့်ဒုတိယ ပါမောက္ခချုပ် ဦးဘသန်းဟက်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေ တောင် ကြား လမ်း အမှတ် ၅၇ နေ ဒေါ်သန်းသန်းနှင့် သား သမီး၊ မြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ် (၁၆) စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်သုံးလုံးဇေတဝန် ထီးတော်များတင်လှူမည်

သာဝတ္ထိ မတ် ၁၅

သာဝတ္ထိမြို့ တောင်သုံးလုံး ဇေတဝန် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ မဟာထေရ်၏ စီစဉ်မှုဖြင့် (ရန်အောင်မြင်-ရွှေလက်လှ-မဟာသိမ်တော်ကြီး) စေတီတော်များ၏ ထီးတော်များ တင်လှူပွဲကို တန်ခူးလပြည့်နေ့ (ဧပြီ ၁ ရက်) တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျောင်းကုန်းလမ်း အမှတ် ၂၂ အခန်း(၄/က)နေ ဦးလှထွန်းဖြူ-ဒေါ်အေးအေးနှင့် သားသမီး မိသားစုက အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယကဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မီးငြိမ်းသတ်နည်း သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

ထီးချိုင့် မတ် ၁၀

ကသာခရိုင် ထီးချိုင့်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ကကြီးမှူးပြီး အရန်မီးသတ်တပ်ဖွဲ့ မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းနှင့် ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁နာရီက မြို့မအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက်လည်းကောင်း၊ မီးဘေးအန္တရာယ် ကျရောက်ရာတွင် လက်တွေ့ ဆောင်ရွက်ရမည့် မီးငြိမ်းသတ်နည်းများကို မီးသတ်ကား ရေစုတ်စက်များဖြင့် သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ထီးချိုင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းများမှ တာဝန်ရှိသူများနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူးတို့ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် မုစလိန္ဒသတ္တဟရုပ်ပွားတော် အရဏ်ခံမုခ်ဦး ကြွေပြားခင်းခြင်းနှင့် သတ္တဌာန အုတ်တံတိုင်း လှူဒါန်းခြင်းအတွက် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၄၄/က/၆ နေ ဒေါ်ဖြူဖြူခိုင်၊ သမီး မနှင်းဝတ်ရည်ဦး မိသားစုက အလှူငွေကျပ် ၃၄၀၀၀၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်း (အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ကြီးမှူး ပင်လယ်လိပ်မျိုး ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဆင်း

မြိတ် မတ် ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပင်လယ်လိပ်မျိုး ထိန်းသိမ်းခြင်းလုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က မြိတ်မြို့ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

လက်ဆောင်

ဆက်လက်၍ သင်တန်းနည်းပြဆရာ ဦးချိုလှအောင်က အကောင်းဆုံး သင်တန်းသားဆုရ တနင်္သာရီမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းအား ဂုဏ်ပြုဆုချီးမြှင့်ပြီး သင်တန်းသူ၊ သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းဆရာများအား ဂါရဝလက်ဆောင်များ ပေးအပ်သည်။

တက်ရောက်

အဆိုပါ သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၃၇ ဦး တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

တံတားဦး ကျေးရွာစာကြည့်တိုက်များရှင်သန်ရေး စာအုပ်နှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

တံတားဦး မတ် ၁၈

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ပြီး တောင်ပြုံးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့က ကြီးမှူးကျင်းပသည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲကို မတ် ၈ ရက်က ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစန်းမောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ နှင့် အလှူရှင်များက အဆိုပါ ကျေးရွာရှိ ပြိုးပန်းတစ်ရာ စာကြည့်တိုက်အတွက် အလှူငွေကျပ်ခြောက်သောင်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

အလားတူ အခမ်းအနားများကို ဇီးကန်ကျေးရွာနှင့် ရေထွက်လေးကျေးရွာတို့တွင် ဆက်လက်ကျင်းပကြပြီး မတ် ၉ရက်က ထန်းပေါက် ကုန်းကျေးရွာတွင်လည်း ဆက်လက်ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီပေါမြို့ လမ်းမတော်လမ်း ဘဏ်ရှေ့ သံကူကွန်ကရစ်တံတား တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၁၄ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း အပြင်ရှိ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းကို မတ် ၁၀ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာသို့ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်ဦး(ငြိမ်း)တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့ သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

မြစ်ကြီးနား မတ် ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့ဖြစ်စေရန်အတွက် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စီမံချက်နှင့်အညီ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ကြီးကြပ်၍ ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းပေါင်အမှတ် ၄၅ မှ ၈၆အထိ ပန်းပေါင်များတွင် မြက်ခင်းလှပစေရန် မြက်ဖြတ်ခြင်း၊ ရာသီပန်းများစဉ်ဆက်မပြတ် ဖူးပွင့်စေရန် မြေသြဇာဖြည့် မြေဆွခြင်းနှင့် အဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် ရေလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-(၅၈/၂၀၀၆)

မန်နေဂျာ	နှင့်	ဒေါ်ဆိုင်ဒါ
မြန်မာ့စီးပွားရေးဘဏ်		အမှတ်(၇)ရပ်ကွက်
သာစည်မြို့။		သာစည်မြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၈၂တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မေလ ၄ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့ အမှတ်(၇)ရပ်ကွက် ကွင်းအမှတ်(၁၇/က)ကျွဲလည်ပင်း၊ ဦးပိုင်အမှတ်(၇၈) မြေကွက်အမှတ်(၁၀) ဧရိယာ ၀ဒသမ၁၀၅ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၇)ပေ၊ သွပ်မိုး၊ အုတ်ကာ၊လူနေနှစ်ထပ်တိုက်၊ (၈×[illegible])ပေ ရေချိုးခန်း။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင် ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး မိတ္ထီလာမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၅ခ/၉၉၆၂ ကမ(၃)အဝိုင်းပျောက် ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဂျော်ကီ(ခ)စိန်ငွေး မှတ်ပုံတင်အမှတ် ၁၂/လမတ(နိုင်)၀၁၉၀၀၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)ရန်ကုန်မြို့။**

အမည်ပြောင်း

အဖဦးမျိုးကြည်၏သမီး အမက (၉)တာမွေGrade 5(B)မှ မပပဝင်းအား မပပစံဟု ခေါ်ပါရန်။

မပပစံ။

မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဖွင့်

မိတ္ထီလာ မတ် ၁၇

မန္တလေးတိုင်း မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်း(၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မတ်၅ရက် နံနက်၈နာရီခွဲက မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးသန်း၊ ဝမ်းတွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဟန်စိုး၊ သာစည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်၊ ဖိတ်ကြားထားသည့် ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းကို မတ် ၅ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသား ၄၆ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

လင်းထက်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရုပ်မြင်သံကြားပြစက်၊ စာအုပ်နှင့်ငွေများလှူဒါန်း

ရေဖြူ မတ် ၂၀

ထားဝယ်ခရိုင် ရေဖြူမြို့နယ် ဆန်းချီအနောက်ကျေးရွာတွင် လင်းထက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၇ရက် နံနက် ၉နာရီက စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အဆိုပါ လင်းထက်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကြိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူရှိန်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကြိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူရှိန်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားပြီး**(အပေါ်ပုံ)**မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၄လက်မရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ စာအုပ်မျိုးစုံ ၃၅၇အုပ်နှင့် အလှူငွေကျပ် ၄၇၀၀၀ကို အလှူရှင်များက လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗိုလ်ချုပ်ပန်းခြံ ပန်းပျိုးဥယျာဉ်ကို ဖေဖော်ဝါရီ ၆ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တူးဖော်ဆောင်ရွက်

ဖျာပုံမြို့တွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် မိုးမကျမီ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများ ကြိုတင်ဆောင်ရွက်လျက်ရှိရာ မတ်၁၉ ရက်က ဒုတိယလမ်းဘေး ရေမြောင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ တူးဖော်ဆောင်ရွက်မှုကို ဦးစီးအရာရှိ ဦးသီဟထွန်းနှင့် ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးဝင်းအောင်သူတို့ ကြီးကြပ်ပေးကြစဉ်။
(၁၅၈)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလဆန်း ၁၂ ရက်
၂၉-၃-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မုံရွာစက်မှုဇုန်ထုတ် ချင်းတွင်း စတားမော်တော်ယာဉ်များ ထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မြင့်မြတ်ပြည့်စုံသော ဘဝဆီသို့ (အရှင်ဝိဇယာလင်္ကာရ)
(၂) အမြင့်ဆုံးအမိုးအောက်ကအရိပ်များ ဝတ္ထုတိုစုစည်းမှု (မြသန်းတင့်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အိပ်ခြင်းနိုးခြင်းသံသရာ-မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပိန်းဥပုစွန်ဟင်း၊ ငါးဖယ်အောင်း ငါးပိကောင်ကြော်နဲ့ ဆီးဖြူသီးထောင်း)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မောင့်မေတ္တာအလျော်ပြန်ပေးပါ (ဟသ်ာတထွန်းရင်)
(၂) ယောကျ်ားမဟုတ်တဲ့အတိုင်း (ခင်နှင်းသက်)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ပွဲစား)

၁၉း၃၅ ဟန်မျိုးစုံညီတေးကိုသီ
(၁) နေ့စဉ်ပိတောက်ပွင့်ပါစေ (အေဝမ်းတင်တင်လှ)
(၂) နေ့စဉ်ပိတောက်ပွင့်ပါစေ (ဟေမာနေဝင်း)
(၃) နေ့စဉ်ပိတောက်ပွင့်ပါစေ (အိအိချွန်)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပန်းမဥ္ဇူ (မြင့်စိုးအောင်)
(၂) ချစ်ရိပ်ဘယ်ခါထင်ပါမယ် (သံတွဲသန်းသန်းမူ)
(၃) ချစ်တဲ့သူ ဗေဒါပန်း (ကိုမြတ်ခိုင်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြား

စစ်ကြောင်းကြီး ခုနစ်ကြောင်း ချီတက်အလေးပြု တပ်မတော်နေ့မိန့်ခွန်းနာခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၇

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးဟူသည့် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

တက်ရောက်

အဆိုပါ (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် *စာမျက်နှာ ၅ ကော်လံ ၁* ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်နေ့အထိမ်းအမှတ်ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ တည်ခင်း

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ကျင်းပသည်။

ရောက်ရှိလာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရာ ဘုရင့်နောင်ရိပ်သာသို့ ည ၇ နာရီတွင် ရောက်ရှိလာကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် *စာမျက်နှာ ၃ ကော်လံ ၁* ●